**မူပိုင်ခွင့်ဦးစီးဌာန**

**ကိုယ်စားလှယ်ခန့်အပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (ID-2)**

**စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ကိုယ်စားလှယ် ခန့်အပ် ဆောင်ရွက်မည်ဆိုပါက ကိုယ်စားလှယ်ခန့်အပ်လွှာ လျှောက်လွှာပုံစံ ID-2 Form ကို ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားချက်များနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်နိုင်သည်။**

**လျှောက်ထားသူ/ကန့်ကွက်သူ/ အခွင့်အရေးရရှိသူ/အကျိုးသက်ဆိုင်သူ**

၁။ လျှောက်ထားခြင်းအတွက် လျှောက်ထားသူမှ ကိုယ်စားလှယ်ခန့်အပ်၍ လျှောက်ထားခြင်း ဖြစ်လျှင် ကျန် မသက်ဆိုင်သူများအား မျဉ်းဖြင့်ခြစ်ရမည်ဖြစ်ပြီး (လျှောက်ထားသူ/~~ကန့်ကွက်သူ/ အခွင့်အရေးရရှိသူ/ အကျိုးသက်ဆိုင်သူ~~) လျှောက်ထားသူသာ ချန်လှပ်ရမည်ဖြစ်သည်။ ထိုနည်းတူ ကန့်ကွက်ခြင်း အတွက် ကန့်ကွက်သူမှ ကိုယ်စားလှယ်ခန့်အပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကျန် မသက်ဆိုင်သူများအားမျဉ်းဖြင့် ခြစ်ရမည်ဖြစ်ပြီး (~~လျှောက်ထားသူ~~/ ကန့်ကွက်သူ/ ~~အခွင့်အရေး ရရှိသူ/ အကျိုးသက်ဆိုင်သူ)~~ ကန့်ကွက်သူ ကိုသာ ချန်ရမည်ဖြစ်သည်-

(က) လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်လျှင်

(၁) အမည် (ကိုယ်စားလှယ် လွှဲအပ်သူ၏အမည်ကို ဖြည့်စွက်ရမည်။)

ဥပမာ - ဦးမြင့်ဦး

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ - ၇/ပမန (နိုင်) ၄၅၆၇၈၉

(၃) နေရပ်လိပ်စာ အပြည့်အစုံ

ဥပမာ- အမှတ်(၉၂)၊ သဒ္ဒါလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။

(၄) တယ်လီဖုန်းနံပါတ် နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ၀၉၉၂၄၉၂၄၉၂၄ ၊ myintoo12@gmail.com

(ခ) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်လျှင်

(၁) အမည်

ဥပမာ- အေအေအေ ကုမ္ပဏီလီမိတက်

(၂) အဖွဲ့အစည်း မှတ်ပုံတင်အမှတ်

ဥပမာ- ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၀၂၀၀၃၀၀ /၂၀၂၃

(၃) နေရပ်လိပ်စာအပြည့်အစုံ

အဖွဲ့အစည်းတည်ရှိရာ နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြရမည်-

ဥပမာ- အမှတ်(၉၂) ၊ သဒ္ဓါလမ်း ၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။

(၄) တယ်လီဖုန်းနံပါတ် နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ၀၉ ၄၂၀ ၄၂၀ ၄၂၀၊ AAA115@gmail.com

## ကိုယ်စားလှယ်

၂။ ကိုယ်စားလှယ်ဆောင်ရွက်သူသည် နိုင်ငံတော်အတွင်းနေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ်ပြည့်ပြီး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အရည်အချင်း ပြည့်မီသူ ဖြစ်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်-

(က) အမည် (ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည့်သူ၏ အမည်ကို ဖြည့်စွက်ရမည်။)

ဥပမာ - ဦးစိုးသူ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ - ၁၂/ဒဂန (နိုင်) ၁၂၃၄၅၆

(ဂ) ကိုယ်စားလှယ်၏လုပ်ငန်းအမည် (ရှိလျှင်)

ဥပမာ - စိုးသူ အထွေထွေအကျိုးဆောင်လုပ်ငန်း

(ဃ) နေရပ်လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့် လိပ်စာဖော်ပြရန်)

ဥပမာ –အမှတ်(၃၄)၊ ခရေလမ်း၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။

(င) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ – ၀၉၉၁၄၅၁၇၉၆၀ ၊ soethu@gmail.com

(စ) ကိုယ်စားလှယ် တစ်ဦးထက်ပို၍ ခန့်အပ်ထားလျှင် လျှောက်လွှာပုံစံ ID–2 Form ၏ နံပါတ်စဉ် (၂) ၌ "ကိုယ်စားလှယ် တစ်ဦးထက်ပိုပါက အကွက်ထဲတွင် အမှတ်အသားပြုပြီး အပိုစာရွက် ဖြင့် ပူးတွဲဖော်ပြပါ။" ဆိုသည့် အကွက်တွင် အမှတ်အသား (✓) ပြုလုပ်ပြီး ထပ်မံပါဝင်သော ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ အချက်အလက်များကို နံပါတ်စဉ် (၂) ပါ အချက်များအတိုင်း ပြည့်စုံစွာ ဖြည့်စွက်၍ ကိုယ်စားလှယ် ခန့်အပ်လွှာနှင့်အတူ အပို စာရွက်ဖြင့် ပူးတွဲ တင်ပြရမည်။ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ၊ တစ်ဦးဦးသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူ မဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့် နိုင်ငံ သို့မဟုတ် တရားဝင် လုပ်ငန်း တည်ရှိရာ နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ ID – 2 မိတ္တူမှန်ကိုလည်း ပူးတွဲတင်ပြရမည်။

(ဆ) ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ခန့်အပ်ထားခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ လျှောက်လွှာပုံစံ ID–2 Form ၏ နံပါတ်စဉ် (၂) ၌ "ပူးတွဲပါ ကိုယ်စားလှယ်များကိုလည်း ဤတောင်းဆိုချက်ပါ စက်မှုဒီဇိုင်း အတွက် ခန့်အပ်ထားသည့် တာဝန်များအတိုင်း ဆောင်ရွက်ခွင့်ပြုပါသည်။" ဆိုသည့် အကွက်တွင် အမှတ်အသား (✓) ပြုလုပ်ပေးရမည်။

**ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်မည့် လျှောက်ထားချက်နံပါတ် သို့မဟုတ် စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်**

၃။ ကိုယ်စားလှယ်ခန့်အပ် ဆောင်ရွက်မည့် လျှောက်ထားချက်နံပါတ် သို့မဟုတ် စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်ကို ပြည့်စုံစွာ ဖြည့်စွက်ပေးရမည်။

ဥပမာ– စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းအတွက် ကိုယ်စားလှယ် ခန့်အပ်ခြင်း ဖြစ်လျှင် ကိုယ်စားဆောင်ရွက်ရန်အတွက် ပေးအပ်ထားသည့် လျှောက်ထားချက်နံပါတ် “ ဥပမာ – D/2023/000123” ကို ဖော်ပြရမည်။

သို့မဟုတ်

စက်မှုဒီဇိုင်းမှတ်ပုံတင် ခွင့်ပြုချက်ရရှိပြီးသည့် စက်မှုဒီဇိုင်းအတွက် ကိုယ်စားလှယ် ခန့်အပ်ခြင်းဖြစ်လျှင် ကိုယ်စားလှယ်ဆောင်ရွက်ရန်အတွက် ပေးအပ်ထားသည့် စက်မှုဒီဇိုင်းမှတ်ပုံတင်နံပါတ် “ဥပမာ– ID/ 2024/ 000123” ကိုဖော်ပြရမည်။

မှတ်ချက်။ စက်မှုဒီဇိုင်းမှတ်ပုံတင် စတင် လျှောက်ထားခြင်းအတွက်ဖြစ်လျှင် လျှောက်ထားချက်နံပါတ် သို့မဟုတ် စက်မှုဒီဇိုင်းမှတ်ပုံတင် ခွင့်ပြုချက်ရရှိပြီးသော စက်မှုဒီဇိုင်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်တို့အား မဖြစ်မနေ ဖော်ပြရမည်ဖြစ်သည်။

**ကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်**

၄။ (က) ကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်မှ တာဝန်ယူဆောင်ရွက်မည့် အချက်အလက်များကို ရွေးချယ်၍ အမှတ်အသား (✓) ပြုလုပ်ရမည်။ ထိုသို့ ရွေးချယ်ရာတွင် တစ်ခုထက်ပို၍ ရွေးချယ်နိုင်သည်–

ဥပမာ(၁) – စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းအတွက် ကိုယ်စားလှယ် ခန့်အပ်ခြင်း ဖြစ်လျှင် ID–2 Form ၏ နံပါတ်စဉ် (၄) (က) “စက်မှုဒီဇိုင်း မှတ်ပုံတင် လျှောက်ထားခြင်း” ဆိုသည့်အကွက်တွင် အမှတ်အသား (✓) ပြုလုပ်ရမည်။

ဥပမာ(၂) – စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်အပေါ် ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ကိုယ်စားလှယ် ခန့်အပ်ခြင်းဖြစ်လျှင် ID–2 Form ၏ နံပါတ်စဉ် (၄) (ခ) “စက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်အပေါ် ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ” ဆိုသည့် အကွက်တွင် အမှတ်အသား (✓) ပြုလုပ်ရမည်။

ဥပမာ(၃) – စက်မှုဒီဇိုင်းမှတ်ပုံတင်ခွင့် ရရှိသည်အထိ ကိုယ်စားလှယ် ခန့်အပ်ခြင်း ဖြစ်လျှင် ID–2 Form ၏ နံပါတ်စဉ် (၄) (ဂ) “စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်း” ဆိုသည့် အကွက်တွင် အမှတ်အသား (✓) ပြုလုပ်ရမည်။

ဥပမာ(၄) - အကယ်၍ ကိုယ်စားဆောင်ရွက်ခွင့်ကို အကြောင်းအရာကိစ္စတစ်ခု တည်းအတွက် ကိုယ်စားလှယ် ခန့်အပ်မည်ဆိုလျှင် ID-2 Form ၏ နံပါတ်စဉ် (၄) (ဃ) အကွက်တွင် အမှတ်အသား (✓) ပြုလုပ်ပြီး ကိုယ်စားဆောင်ရွက်ခွင့်ပြုမည့် အကြောင်းအရာကို ဖော်ပြရမည်-

ဥပမာ- ကန့်ကွက်ခြင်း၊ တရားမဝင်ကြောင်း ကြေညာခြင်း၊ ပယ်ဖျက်ခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းအား မှတ်တမ်းတင်ခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ခြင်း၊ သက်တမ်းတိုးခြင်း စသည့်ကိစ္စရပ်များ၊

## ကိုယ်စားလှယ်ခန့်အပ်သည့် ရက်စွဲ

၅။ လျှောက်ထားသူ/ ကန့်ကွက်သူ/ အခွင့်အရေးရရှိသူ/ အကျိုးသက်ဆိုင်သူက မိမိကိုယ်စားဆောင်ရွက်ရန် ကိုယ်စားလှယ် ခန့်အပ်သည့် ရက်၊ လ၊ ခုနှစ် တို့ကိုဖော်ပြရမည်။

၆။ ကိုယ်စားလှယ် ဆောင်ရွက်ခွင့်ပေးသည့် တာဝန်များအပေါ် မူတည်ပြီး မှတ်ပုံတင်အရာရှိသည် ဆက်သွယ်ဆောင်ရွက်မည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဤကိုယ်စားလှယ် ခန့်အပ်လွှာအရ ခန့်အပ်တာဝန် ပေးအပ်ထားသည့် ကိုယ်စားဆောင်ရွက်သူ (ကိုယ်စားလှယ်) ကိုသာ ဆက်သွယ်ဆောင်ရွက်မည်ဖြစ်သည်။ ခန့်အပ်ခံရသည့် ကိုယ်စားလှယ်က မှတ်ပုံတင်အရာရှိထံ ဆက်သွယ်ဆောင်ရွက်သည့် မည်သည့်ဆောင်ရွက်ချက်ကိုမဆို ကိုယ်စားလှယ်ခန့်အပ်ထားသူက ဆောင်ရွက်သကဲ့သို့ မှတ်ယူမည်ဖြစ်သည်။

၇။ ဤကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်၏ ဆောင်ရွက်သော ကိစ္စအရပ်ရပ်အပေါ် ခန့်အပ်သူက အပြည့်အဝ တာဝန်ယူပါမည်ဖြစ်ကြောင်း လျှောက်လွှာတွင် လက်မှတ်ရေးထိုးရမည်- (ကိုယ်စားလှယ် ခန့်အပ်လွှာအား လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူ/ ကန့်ကွက်သူ/ အခွင့်အရေး ရရှိသူ/ အကျိုးသက်ဆိုင်သူ သာလျှင် လက်မှတ်ရေးထိုးရမည်။)

ဥပမာ(၁)- လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်လျှင်

(က) လက်မှတ်ရေးထိုးသူ၏ အမည်ကို ဖော်ပြရမည်။

ဥပမာ - လက်မှတ် *Myint Oo*

အမည် ဦးမြင့်ဦး

ဥပမာ(၂)- လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်လျှင်

(ခ) အဖွဲ့အစည်းအမည်နှင့် လက်မှတ်ရေးထိုးသူ၏ ရာထူးကိုဖော်ပြရမည်။

ဥပမာ - လက်မှတ် *Soe Maung*

အမည် ဦးစိုးမောင်

ရာထူး Chairman

အမည် အေအေအေ ကုမ္ပဏီလိမိတက်

မှတ်ချက်။ ဤကိုယ်စားလှယ်ခန့်အပ်လွှာနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်ခန့်အပ်သူ (လျှောက်ထားသူ/ ကန့်ကွက်သူ/ အခွင့်အရေးရရှိသူ/အကျိုးသက်ဆိုင်သူ**)** နှင့် ကိုယ်စားလှယ်တို့အကြား ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ကိုယ်စားလှယ်ခန့်အပ်သူကသာ တာဝန်ယူ ဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်သည်။